# စောအိုမူးသို့ အရိုအသေပေး ဂုဏ်ပြုလွှာ

*ဌာနေကရင်တိုင်းရင်းသားအခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဗမာစစ်တပ်၏သေနတ်အောက်၌ ကျဆုံးခြင်း*

**မူကြော် (ဖာပွန်) ခရိုင်၊ ကရင်ပြည်နယ်**

၉ ရက်၊ ဧပြီလ၊ ၂၀၁၈ ခုနှစ်



ဌာနေကရင်လူထု၏မြေကို ကာကွယ်စောင့်ရှောက်သူတဦးဖြစ်ပြီး စစ်မှန်သောငြိမ်းချမ်းရေးအတွက် အားကျိုးမာန်တက်ပါဝင်လုပ်ဆောင်သူတဦးဖြစ်သလို ဌာနေကရင်တိုင်းရင်းသားလူထုတို့၏အခွင့်အရေးအတွက် စိတ်ရောကိုယ်ပါတိုက်ပွဲဝင်သူတဦးဖြစ်သည့် စောအိုမူးကျဆုံးသွားခြင်းအပေါ် မူတြော် (ဖာပွန်) ခရိုင်ရှိ ဌာနေကရင်တိုင်းရင်းသား အသိုင်းအဝန်းနှင့် ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုလုပ်ရှားမှုကွန်ရက် (KESAN) ၏အဖွဲ့သားတို့သည် ၎င်း၏မိသားစုနှင့်ထပ်တူ ဝမ်းနည်းပူဆွေးကြေကွဲရပါသည်။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၌ စောအိုမူးသည် ရပ်ရွာလူထုအသိုင်းအဝန်းအစည်းအဝေးတခုကို တက်ရောက်ရန်အတွက် ၎င်းနေအိမ်မှ လယ်မူပလောကွင်းပြင်ကိုဖြတ်သန်းပြီး ၁ နာရီကြာ ဆိုင်ကယ်ခရီးဖြင့် ဌာနေကရင်တိုင်းရင်းသားအသိုင်းအဝန်းအဖွဲ့တခုဖြစ်သည့် လူသောဖေါဒေးစင်တာသို့ သွားရောက်ခဲ့သည်။ အဆိုပါအစည်းအဝေးမှာ လတ်တလော ထိုဒေသအတွင်း ဗမာတပ်မတော်၏စစ်ဆင်ရေးနှင့်တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည့် စစ်ပြေးဒုက္ခသည်များကို အကူအညီပေးရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရန်ဖြစ်သည်။

အစည်းအဝေးပြီးနောက် စောအိုမူးသည် ၎င်း၏အိမ်အပြန်ခရီးတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) မှ တပ်သားစောဆဲဘလုဒိုကို ဆိုင်ကယ်ဖြင့်ကူညီတင်ဆောင်ခဲ့သည်။ လယ်မူပလောဒေသရှိ ကရင်ပြည်သူများ၏လုံခြုံရေးအတွက် KNLA က စောဆဲဘလုဒိုအား လယ်မူပလောတွင် တာဝန်ချထားခြင်းဖြစ်သည်။

ညနေ ၅ နာရီ ၂၀ မိနစ်အချိန်၌ ၎င်းတို့နှစ်ဦးသည် လယ်မူပလောရှိစောအိုမူး၏နေအိမ်နှင့်နီးပြီး ဒေသအခေါ်အဝေါ် အရ တရီပလောဟုခေါ်သောကွင်းနားအစပ်ရှိ ဝါကလိုးထာနေရာသို့ရောက်ရှိသည့်အချိန်တွင် ဗမာစစ်တပ်၏ မြုံခို ပစ်ခတ်တိုက်ခိုက်မှုကို ခံလိုက်ရသည်။ တဆက်တည်းတွင် မည်သည်များဆက်လက်ဖြစ်ပွားသည်ကို စောဆဲဘလုဒို က ပြန်လည်ပြောပြပါသည်။ "ဗမာစစ်သားတွေကိုတွေ့တာနဲ့ချက်ချင်းဆိုင်ကယ်ပေါ်ကနေကျွန်တော်ခုန်ဆင်းတယ်… စောအိုမူးကတော့ ဆိုင်ကယ်ကိုချက်ချင်းမရပ်နိုင်လို့ ဗမာစစ်သားတွေပစ်တာကို ခံလိုက်ရတယ်…တောထဲကိုပြေးဝင် တဲ့တချိန်တည်းမှာဘဲ သေနပ်သံတွေကို ကျွန်တော်ကြားတယ်" ဟု စောအိုမူး၏ညီအား နောက်နေ့တွင် သူက ပြန်လည် ပြောပြပါသည်။ စောဆဲဘလုဒိုမှာ ထိခိုက်ဒဏ်ရာမရဘဲ လွတ်မြောက်ခဲ့ပါသည်။

စောအိုမူးသေဆုံးကြောင်းကို KNLA ဖက်မှ အတည်ပြုခဲ့သော်လည်း ၎င်း၏ရုပ်အလောင်းကို ပြန်လည်ရယူရန် ကြိုးပမ်း မှုအကြိမ်ကြိမ်၌ ထိုနေရာအနီးတဝိုက်အား ချဉ်းကပ်သူမည်သူကိုမဆို ဗမာစစ်တပ်က ပစ်ခတ်နေမှုကြောင့် အောင်မြင် မှုမရခဲ့ပါ။ ထို့ကြောင့် စောအိုမူး၏ကျန်ရစ်သူမိသားစုမှာ စောအိုမူး၏နောက်ဆုံးခရီးကို ၎င်းတို့၏မိရိုးဖလာ ဌာနေကရင် တိုင်းရင်းသားတို့၏ဓလေ့အရ ယခုထိ မပို့ဆောင်နိုင်သေးပါ။ စောအိုမူး၏ဇနီးနော်ဖေါ်သာနှင့် ကလေး (၇) ယောက် သည် မတ်လ ၄ ရက်နေ့တွင် ပထမဆုံးဖြစ်ပွားခဲ့သော ဗမာစစ်တပ်၏တိုက်ခိုက်မှုများကြောင့်ထွက်ပြေးတိမ်းရှောင်ရ သူများဖြစ်ကာ ယခုအခါ ၎င်းတို့အား စောအိုမူးက အပြီးနတ်ဆက်ထွက်ခွာသွားပြီဖြစ်သည်။

စောအိုမူးအား ၁၉၇၅ ခုနှစ်၌ မိဘနှစ်ပါးက ဒေသအခေါ်အဝေါ်အရခေါ်ဆိုသည့် တရီပလောကွင်းရှိ တဲပေါ်တွင် မွေး ဖွားခဲ့ခြင်းဖြစ်သည်။ ၂၀၀၆ ခုနှစ်မှစပြီး သူသည် KESAN နှင့် ဒေသတွင်းလုပ်ဖေါ်ကိုင်ဖက်တဦးသဖွယ် နီးနီးကပ်ကပ် လက်တွဲအလုပ်လုပ်လာခဲ့သည်။ ဘဝတခုလုံးကိုပုံအပ်ပြီး ဌာနေကရင်တိုင်းရင်းသားလူထု၏ ရိုးရာဓလေ့ယဉ်ကျေးမှု ထိန်းသိမ်းရေးနှင့် ဓလေ့ထုံးတမ်းမြေယာစီမံအုပ်ချုပ်ရေးစနစ်အားကောင်းစေရေး၊ တို့အပြင် လူသောဖေါဒေးကျေးရွာ ပိုင်ဘုံသစ်တောတာဝန်ခံတဦး ဖြစ်သည့်အလျောက် ကျေးရွာပိုင်ဘုံသစ်တောထိန်းသိမ်းရေးအမှုကိစ္စများ၌ ဦးဆောင် လျက် စိတ်အားထက်သန်စွာပါဝင်လုပ်ရှားခဲ့သော စောအိုမူး၏တသက်တာပေးဆပ်မှုအားလုံးအတွက် သူ့ကို ကျွန်တို့ ထာဝရအမှတ်ရနေမည်ဖြစ်သည်။

ဌာနေကရင်တိုင်းရင်းသားအသိပညာအခြေပြု တောရိုင်းတိရစ္ဆာန်လေ့လာဆန်းစစ်သူနှင့် ကဆောထယ်ကျေးရွာပိုင်ဘုံ သစ်တောကော်မတီအကြံပေးပုဂ္ဂိုလ်တာဝန်များကိုယူထားသူ စောအိုမူးသည် မြန်မာနိုင်ငံတွင် ပကတိအတိုင်းရှိနေ သေးသည့် နောက်ဆုံးကျန်ရှိနေသော သက်တမ်းရှည်သစ်တောများနှင့် ဘေးသင့်တောရိုင်းတိရစ္ဆာန်မျိုးစိတ်များနေ ထိုင်ကျက်စားရာဒေသများကို ကာကွယ်နိုင်ရန်အတွက် မမောမပန်း အားသွန်ခွန်စိုက် လုပ်ဆောင်သူဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၌ ကမ္ဘာ့ဌာနေတိုင်းရင်းသားများ၏နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်၌ပြုလုပ်ခဲ့သော *ကဆော ထယ်ကျေးရွာပိုင်ဘုံသစ်တောရုပ်သံမှတ်တမ်းမိတ်ဆက်ပြသခြင်းနှင့် သတင်းစာရှင်းလင်းပွဲအစီအစဉ်*တွင် ပြောရေး ဆိုခွင့်ရှိသူကိုယ်စားလှယ်တဦးအဖြစ် တက်ရောက်ပါဝင်ခဲ့သည်။

စောအိုမူးသည် မူတြော် (ဖာပွန်) ခရိုင်အတွင်း ၅၄၀၀ km$^2$ အကျယ်အဝန်းရှိပြီး ဌာနေကရင်တိုင်းရင်းသားကိုယ်တိုင် စီမံခန့်ခွဲသည့် လူထုအခြေပြုသံလွင်ငြိမ်းချမ်းရေးဥယျာဉ်ကို ဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် အင်တိုက်အားတိုက် နိုးကြားတက်ကြွစွာပါဝင်သူ ဒေသခံလူထုခေါင်းဆောင်များထဲက တဦးဖြစ်သည်။ သူသည် သံလွင်ငြိမ်းချမ်းရေး ဥယျာဉ်၏ကော်မတီဝင်တဦးဖြစ်ပြီး သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ မျှော်မှန်းချက်များဖြစ်သည့် *ငြိမ်းချမ်းရေး၊ သက်ရှိဇီဝ မျိုးစိတ်ထိန်းသိမ်းစောင့်ရှောက်ရေး၊ နှင့် ရိုးရာဓလေ့ယာဉ်ကျေးမှုထိန်းသိမ်းရေး*တို့အပေါ် ခိုင်မာစွာ ယုံကြည်မှုရှိသူတ ဦးဖြစ်သည်။ "ကျွန်တော်တို့လို ဌာနေတိုင်းရင်းသားတွေအတွက် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ဟာ ကျွန်တော်တို့ရဲ့

ပြင်းပြတဲ့လိုအင်ဆန္ဒနဲ့ လိုအပ်မှုတွေကို ကိုယ်စားပြုတယ်" ဟု ၎င်းက ဒီဇင်ဘာ ၂၀၁၇ တွင် ပြုလုပ်ခဲ့သော *သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွက် အများပြည်သူနှင့်ဆွေးနွေးညှိနှိုင်းမှုအစည်းအဝေး*တွင် တက်ရောက်သူကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအစောပိုင်းတွင် သူသည် သံလွင်ငြိမ်းချမ်းရေးဉယျာဉ်အတွင်းရှိ အခြားဌာနေကရင်တိုင်းရင်းသားလူထုခေါင်းဆောင် ၁၂ ဦးနှင့်အတူ ဖိလစ်ပိုင်နိုင်ငံသို့သွားရောက်ကာ *Indigenous and Community Conserved Areas (ICCAs) ခေါ် ဌာနေတိုင်းရင်းသားနှင့် အများပြည်သူထိန်းသိမ်းစောင့်ရှောက်စီမံခန့်ခွဲသောနယ်မြေ* ၏ အကြောင်းကို လေ့လာသင်ယူခဲ့ သည်။

စောအိုမူး၏သေဆုံးခြင်းသည် ဗမာတပ်မတော် နှင့် KNLA အကြား လတ်တလောဆက်တိုက်ဖြစ်ပွားလာသော တိုက်ပွဲများကြောင့် မြေစာပင်ဖြစ်ရသူအပြစ်မဲ့ပြည်သူများထဲက သာဓကနောက်တခုဖြစ်သည်။ ဤကဲ့သို့ဖြစ်ရသည်မှာ ဌာနေကရင်တိုင်းရင်းသားလူထုတို့၏ဘိုးဘွားပိုင်နယ်မြေအတွင်း နယ်မြေစိုးမိုးမှုတိုးချဲ့ရယူရန်နှင့် စစ်ဆင်ရေးလမ်းဆောက်လုပ်ရန်အတွက် တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကိုချိုးဖေါက်ကာ သတ်မှတ်နယ်မြေထက်နယ်ကျွံကျူးကျော်သောဗမာတပ်မတော်၏ လုပ်ရပ်နှင့်စစ်ဆင်ရေးကြောင့် ဖြစ်သည်။ တိုက်ပွဲများစတင်ဖြစ်ပွားသည့် မတ်လ ၄ ရက်မှစပြီး ယခုအချိန်အထိ ရွာသူရွာသားပေါင်း ၂၃၀၀ သည် ၎င်းတို့နေအိမ်ကိုစွန့်ခွာကာ ထွက်ပြေးတိမ်းရှောင်နေရပြီဖြစ်သည်။ စောအိုမူးအနေဖြင့် ၎င်း၏ဇနီးနှင့်ကလေးများနှင့်အတူ တောထဲတွင်တိမ်းရှောင်နိုင်သော်လည်း နယ်ကျွံကျူးကျော်တိုက်ခိုက်လာသောဗမာစစ်တပ်၏ရန်မှ မိမိ၏လူထုများကိုကာကွယ်ပေးရန် လယ်မူပလောရှိ၎င်း၏နေအိမ်တွင် ဆက်လက်နေထိုင်ရန် ရွေးချယ်ခဲ့သည်။

စောအိုမူး၏သေဆုံးမှုသည် KESAN အဖွဲ့သားအားလုံးနှင့် မူကြော် (ဖာပွန်) ဌာနေကရင်တိုင်းရင်းသားအသိုင်းအဝန်းအတွက် ယူကျုံးမရဖြစ်ရသော အဖြစ်ဆိုးတခုဖြစ်သည်။ လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှုလမ်းကြောင်းနှင့်အတူ မိမိဘိုးဘွားပိုင်နယ်မြေအတွင်း ငြိမ်းချမ်းရေးကိုအသက်သွင်းနိုင်ရန်နှင့် မိမိ၏ဘိုးဘွားပိုင်နယ်မြေကို ကာကွယ်ရန်အတွက် မိမိတဘဝလုံးကိုပုံအပ်ခဲ့သော စောအိုမူး၏ပေးဆပ်မှုကို ကျွန်ုပ်တို့မည်သောအခါမှ မေ့နိုင်မည်မဟုတ်ပါ။ တချိန်တည်းတွင် ဤလူမဆန်သောစစ်တပ်၏လုပ်ရပ်နှင့် အပြစ်မဲ့ဒေသခံပြည်သူ၏အသက်ကို အလေးမထားသော ဗမာတပ်မတော်၏လုပ်ရပ်ကို ကျွန်ုပ်တို့ပြင်းထန်စွာပြစ်တင်ရှုတ်ချပါသည်။ အကယ်၍သာ ဗမာတပ်မတော်က တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကိုလိုက်နာပြီး နှစ်ဦးနှစ်ဖက်အကြားတင်းမာမှုများကို ရှိနှင့်ပြီးသားအငြင်းပွားမှုဖြေရှင်းရေးယန္တရားများအတိုင်းလိုက်နာကိုင်တွယ်ဖြေရှင်းခဲ့လျှင် ယခုကဲ့သို့အဖြစ်ဆိုးကို ရှောင်နိုင်မည်ဖြစ်သည်။

**ဆက်သွယ်ရန်။**

နော်ဆာမူး။ +66(0) 97 995 8177 (ကရင်၊ အင်္ဂလိပ်ဘာသာ)

စောစိုးဒို။ +66(0) 84 366 2215 (ကရင်၊ မြန်မာ၊ အင်္ဂလိပ်ဘာသာ)

ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုလုပ်ရှားမှုကွန်ရက် (KESAN) သည် ကရင်ပြည်နယ်အတွင်း ဌာနေတိုင်းရင်းသားလူထု၏ အသိပညာနှင့်အခွင့်အရေးများကို အသိအမှတ်ပြုလေးစားရန်နှင့် လူထုအသက်မွေးဝမ်းကျောင်းလုံခြုံမှုအားကောင်းစေရန်အတွက် လုပ်ရှားနေသောအမြတ်အစွန်းမမျှော်ကိုးသည့်အစိုးရမဟုတ်သော လူထုအခြေပြုအဖွဲ့အစည်းတခုဖြစ်သည်။